ပုံစံ(၉)

## ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ် ( ၈ / ၂၀၂၂ )

အလုပ်သမား ဒေါ်ခင်သီတာဦးပါ (၁၁)ဦး
ယုဇနေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ထန်းတပင်မြို့နယ်။
၀၉ – ၂၅၄ ၂၆၈ ၈၅၀ } နစ်နာ၍တောင်းဆိုသူ

နှင့်

Mr. Pang Xiyoung ( အလုပ်ရှင် )
GTIG Easter Garment (Myanmar) Co.,Ltd
( အထည်ချုပ်စက်ရုံ )
ဦးကျော်ဇင်မင်း ( HR Manager )
( အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )
အမှတ်(၁၄၈/၁၅၃)၊ မြေတိုင်းအမှတ် (၄၉)၊
ဝါးတစ်ရာစက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်။
၀၉ - ၄၂၃ ၃၁၁ ၁၅၈ } တောင်းဆိုခြင်းခံရသူ

ရက် စွဲ ။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်

### ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုန်၊ အမှတ်(၁၄၈/၁၅၃)၊ မြေတိုင်းအမှတ် (၄၉)ရှိ GTIG Easter Garment (Myanmar) Co.,Ltd(အထည်ချုပ်စက်ရုံ) Mr. Pang Xiyoung (အလုပ်ရှင်)၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးကျော်ဇင်မင်း ( HR Manager ) နှင့် အလုပ်သမား ဒေါ်ခင်သီတာဦးပါ(၁၁)ဦးတို့အကြားဖြစ်ပွားသော အငြင်းပွားမှုကို ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့်ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် GTIG Easter Garment (Myanmar) Co.,Ltd အထည်ချုပ်စက်ရုံ၊ Mr. Pang Xiyoung ( အလုပ်ရှင် )နှင့် အလုပ်သမား ဒေါ်ခင်သီတာဦးပါ (၁၁)ဦးတို့အကြား (၁၄-၃-၂၀၁၇)ရက်နေ့ စက်ရုံမီးလောင်၍ပိတ်ထားရာ (၁-၁၁-၂၀၁၇)ရက်နေ့တွင် စက်ရုံပြန်ဖွင့်မည်ဖြစ်ကြောင်း စက်ရုံမန်နေဂျာ ဦးကျော်ဇင်မင်းက စုပါ ဒေါ်ခင်သီတာဦးအား (၂၈-၁၀-၂၀၁၇) ရက်နေ့တွင် အကြောင်းကြားခဲ့သော်လည်း ဒေါ်ခင်သီတာဦးပါ (၁၁)ဦးသည် (၃-၁၁-၂၀၁၇) ရက်နေ့ထိ အလုပ်မဆင်းသဖြင့် အလုပ်ပြန်ဆင်းရန် မလိုတော့ကြောင်း ပြောကြားရာမှ အငြင်းပွားမှုပေါ်ပေါက်ပြီး (၁၃-၁-၂၀၁၇)ရက်နေ့တွင် ရွှေပြည်သာမြို့နယ်ညှိနှိုင်းညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားသောကြောင့် (၁၄-၁-၂၀၁၂)ရက်နေ့၊ (၁၈-၁-၂၀၁၂)ရက်နေ့နှင့် (၂၀-၁-၂၀၁၂)ရက်နေ့တို့တွင် ညှိနှိုင်းဖျန်ဖြေပေးသော်လည်း ပြေလည်မှု မရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**ကောက်ချက်အမှတ် (၁)** တောင်းဆိုသူ အလုပ်သမား ဒေါ်ခင်သီတာဦးပါ (၁၁)ဦးအား မူလနေရာ၊ မူရာထူး၊ မူလလစာဖြင့် အလုပ်ပြန်လည် ခန့်ထားရန် သင့် / မသင့်၊

(၂) တောင်းဆိုသူ အလုပ်သမား ဒေါ်ခင်သီတာဦးပါ (၁၁)ဦး အလုပ်ရပ်စဲမှု နစ်နာကြေး ရထိုက်ခွင့် ရှိ / မရှိ။

တွေ့ရှိချက် ။ GTIG Easter Garment (Myanmar) Co.,Ltd အထည်ချုပ်စက်ရုံ၊ (၁၄-၃-၂၀၁၇)ရက်နေ့တွင် မီးရှို့ခံရသဖြင့် နစ်နာဆုံးရှုံးမှုများကြောင့် ပိတ်ထားခဲ့ရပြီး (၂၈-၁၀-၂၀၁၇)ရက်နေ့တွင် စက်ရုံမှ အလုပ်သမား ဒေါ်ခင်သီတာဦးအား (၁-၁၁-၂၀၁၇)ရက်နေ့ စက်ရုံပြန်ဖွင့်မည်ပြောကြောင်း၊ ဖွင့်ရက်မှ (၃)ရက်ကျော်သည့်အထိ အလုပ်မဆင်းလျှင် နုတ်ထွက်ဝန်ထမ်းအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း၊ အခက်အခဲရှိပါက ခွင့်တိုင်ကြားနိုင်ကြောင်း၊ All စုပါ နှင့် ရုံးပါ မှတဆင့် မိမိသက်ဆိုင်ရာ ဝန်ထမ်းများကို အကြောင်းကြားရန် ညွှန်ကြားခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ဒေါ်ခင်သီတာဦးပါ (၁၁)ဦးသည် (၃-၁၁- ၂၀၁၇)ရက်နေ့အထိ အလုပ်မဆင်းသည့်အပြင် ခွင့်တိုင်ကြားခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ စက်ရုံတွင် စက်လိုင်း (၃၂)လိုင်းရှိသော်လည်း အကုန်မဖွင့်နိုင်သေးပဲ ဖွင့်နိုင်သည့်စက်လိုင်း (၁၆)လိုင်းကို အေဒ်ဒါရရှိမှုအပေါ် မူတည်၍ ခေါ်ယူနေကြောင်း တွေ့ရှိရပါသည်။

ဒေါ်ခင်သီတာဦးပါ (၁၁)ဦးသည် မူလနေရာ၊ မူလလစာ မရရှိ၍လည်းကောင်း၊ လိုင်း (၂၂) မည်သည့်နေ့တွင် ပြန်ဖွင့်မည်ကို ရက်အတိအကျ မပြော၍လည်းကောင်း၊ (၃-၁၁-၂၀၁၂)ရက်နေ့ထိ အလုပ်မဆင်းဘဲ (၅-၁၁-၂၀၁၂)ရက်နေ့တွင်မှ စက်ရုံသို့သွားသည့်အတွက် အလုပ်နေရာတွင် အလုပ်ကိုစောင့်ဆိုင်းနေသော အခြားလိုင်းမှ အလုပ်သမားများကို ခန့်ထားပြီးဖြစ်ကြောင်း တွေ့ရှိရသည်။

စက်ရုံမီးရှို့ခံရခြင်းကြောင့် အလုပ်ရှင်နှင့် အလုပ်သမား နစ်နာဆုံးရှုံးမှုများစွာဖြစ်ပေါ်သည်ကို တွေ့ရှိရသည်။ အလုပ်ရှင်မှလည်း ဒေါ်ခင်သီတာဦးပါ (၁၁)ဦးအား မူလနေရာ၊ လိုင်း(၂၂)ထိ မဖွင့်နိုင်သေး၍ မူလနေရာ မရှိတော့သည့်အတွက် မူလရာထူး၊ မူလလစာဖြင့် ပြန်လည်ခန့်ထားနိုင်ပြီး စက်ရုံပြင်ဆင်ရာတွင် ငွေကြေးအမြောက်အများ သုံးစွဲရသောကြောင့် နစ်နာကြေးမပေးနိုင်ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရှိရသည်။

**သုံးသပ်ချက် ။**

GTIG Easter Garment (Myanmar) Co.,Ltd အထည်ချုပ်စက်ရုံသည် (၁၄-၃-၂၀၁၂)ရက်နေ့တွင် မီးရှို့ခံရသဖြင့် နစ်နာဆုံးရှုံးမှုများရှိခဲ့သောကြောင့် စက်ရုံပိတ်ထားရာမှ ပြန်လည်လည်ပတ်သည့် (၂၈-၁၀-၂၀၁၂)ရက်နေ့တွင် ဒေါ်ခင်သီတာဦးထံ လိုင်း(၂၂)ဝန်ထမ်းများ အကြောင်းကြားပေးရန် စာလက်ခံရရှိသော်လည်း အဆိုပါအကြောင်းကြားစာပါ (၃)ရက်ထက်ကျော်လွန်ပါက နုတ်ထွက်ဝန်ထမ်းအဖြစ် သတ်မှတ်မည်ဟု ပါရှိသည့်အတွက် ဒေါ်ခင်သီတာဦးပါ (၁၁)ဦးသည် (၃)ရက်နေ့အထိ မူလနေရာ၊ မူလလစာ မရရှိသည့်အတွက် အလုပ်မဆင်းသောကြောင့် အလုပ်မှ နုတ်ထွက်သကဲ့သို့ဖြစ်သော်လည်း အလုပ်ရှင်က ဒေါ်ခင်သီတာဦးပါ (၁၁)ဦးအတွက် မူလရာထူး၊ မူလလစာဖြင့် ပြန်လည်ခန့်ထားခြင်းသည် ကောင်းမွန်သော အခွင့်အရေးဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

ဒေါ်ခင်သီတာဦးပါ (၁၁)ဦးသည် အလုပ်သက်ရင့် ဝန်ထမ်းများဖြစ်သည့်အတွက် မူလလစာ၊ မူလရာထူးဖြင့် အလုပ်ပြန်လည်ခန့်ထားသင့်ပြီး အလုပ်ရှင်မှ အလုပ်ပြန်ဆင်းရန် အကြောင်းကြားစာ ပေးပို့ခဲ့မှုအပေါ် ဒေါ်ခင်သီတာဦးပါ (၁၁)ဦးမှ အလုပ်ပြန်မဆင်းသောကြောင့် အလုပ်ရှင်၏ ပျက်ကွက်မှု မဟုတ်သည့်အတွက် ကြားကာလနစ်နာကြေး အလုပ်ရှင်တွင်ပေးရန် တာဝန်မရှိကြောင်း သုံးသပ်ရရှိပါသည်။

ဆုံးဖြတ်ချက်။ (၁) အလုပ်သမား ဒေါ်ခင်သီတာဦးပါ (၁၁)ဦးအား ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ (၇)ရက်အတွင်း မူလရာထူး၊ မူလလစာဖြင့် မူလလုပ်ငန်းနှင့် သင့်လျော်တူညီသည့်နေရာတွင် အလုပ်ပြန်လည်ခန့်ထားရန် ဆုံးဖြတ်သည်။

(၂) အလုပ်သမား ဒေါ်ခင်သီတာဦးပါ (၁၁)ဦးအား ကြားကာလနစ်နာကြေးပေးရန်မလိုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၄။ တောင်းဆိုသူအားပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁)ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(ချစ်ပေါ်)
ဥက္ကဋ္ဌ

(ကျော်ရီဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( × × × )
( အောင်ကျော်ထွန်းနိုင်ဦး )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်